**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ဝါရှင်တန်မြို့**

# ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ရန်အတွက် အသိပေးကြေညာခြင်း

**(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ဂန္ထဓူရ၊ ဝိပဿနာဓူရ၊ ပရိယတ္တိ၊ ပဋိပတ္တိဝန်ဆောင် ဆရာတော်ကြီးများနှင့် ပြည်တွင်းပြည်ပရှိ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓဘာသာ သာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ်ဆက်ကပ်ချီးမြှင့်အပ်နှင်းလျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ အောက်ဖော်ပြပါဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ရန် ရွေးချယ်ရေးအဆင့်ဆင့်သို့ ဆက်လက်တင်ပြနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုတွင် သီတင်းသုံး/ နေထိုင်လျက်ရှိသော ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်အမျိုးသား၊ အမျိုးသမီးများအနေဖြင့် သတ်မှတ်ပုံစံများအား မြန်မာသံရုံး၊ ဝါရှင်တန်မြို့၏ Facebook Page နှင့် Website တို့တွင် Download လုပ်၍ ရယူနိုင်ပါကြောင်းနှင့် အဆိုပါပုံစံများအား ပြည့်စုံစွာ ဖြည့်စွက်၍ အမည်စာရင်းအခြေပြဇယား၊ ထေရုပတ္တိ/ အတ္ထုပတ္တိ၊ ထောက်ခံချက်များနှင့်အတူ ရဟန်းတော်များ ဘွဲ့တံဆိပ်တော်အဆိုပြုလွှာတွင် (၄)လက်မ x (၆)လက်မ အရွယ် ထိုင်လျက် သင်္ကန်းရုံ အဖြူအမည်းဓါတ်ပုံ(၂)ပုံနှင့် (၁)လက်မ x (၁.၂၅)လက်မအရွယ် ကိုယ်တစ်ပိုင်း ရောင်စုံဓါတ်ပုံ(၄)ပုံ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ ဘွဲ့တံဆိပ်အဆိုပြုလွှာတွင် (၄)လက်မ x (၆)လက်မ အရွယ် အဖြူအမည်းဓါတ်ပုံ(၂)ပုံတို့ပါဝင်သည့် ဘွဲ့တံဆိပ်အဆိုပြုလွှာ (Hard Copy) (၂)စုံစီကို (Font Pyidaungsu, Font size – 13, Soft Copy) (၁)စုံစီပူးတွဲ၍ မြန်မာသံရုံး၊ ဝါရှင်တန်မြို့သို့ **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ပေးပါရန်** မေတ္တာရပ်ခံအပ်ပါသည် –

(၁) အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
(၂) အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
(၃) မဟာသဒ္ဓမ္မဇောတိက
(၄) သဒ္ဓမ္မဇောတိက
(၅) အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
(၆) မဟာကမ္မဋ္ဌာနာစရိယ
(၇) ကမ္မဋ္ဌာနာစရိယ
(၈) သာသနာနုဂ္ဂဟ

**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**

ဖြန့်ဝေခြင်း

- ကျောင်းထိုင်ဆရာတော်များ၊ ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ (မြန်မာသံရုံး၊ ဝါရှင်တန်မြို့ ကောင်စစ်နယ်မြေများဖြစ်သည့် Capital: Washington D.C, States: Alabama, Arkansas, Colorado, Delaware, Florida, Georgia, Idaho, Illinois, Indiana, Iowa, Kansas, Kentucky, Louisiana, Marine, Maryland, Massachusetts, Michigan, Minnesota, Mississippi, Missouri, Montana, Nebraska, New Hampshire, North Carolina, North Dakota, Ohio, Oklahoma, Pennsylvania, Rhode Island, South Carolina, South Dakota, Tennessee, Texas, Utah, Vermont, Virginia, West Virginia, Wisconsin, Wyoming, **Inhabited territories**: Puerto Rico, U.S. Virgin Islands တို့ရှိ မြန်မာဘုန်းကြီးကျောင်းများအားလုံး)